# Chin National Front
# General Headquarters
# CHINLAND

January 1, 2008

## ချင်းအမျိုးသားတပ်ဦး အထွေထွေအတွင်းရေးမှူး ပူးထန်ယဲန်း၏ နှစ်သစ် မင်္ဂလာ သဝဏ်လွှာ

ပြည်တွင်းပြည်ပရှိ ပါတီဝင်တော်လှန်ရေးရဲဘော်ရဲဖက်အပေါင်းတို့ခင်ဗျား

၂၀၀၈ နှစ်သစ်တွင် အယောက်တိုင်းအပေါ် မင်္ဂလာ အဖြာဖြာ ကျရောက်ပါစေကြောင်း ဆန္ဒပြုနှုတ်ခွန်း ဆက်သအပ်ပါသည်။

နှစ်ဟောင်းတွင် ကြုံတွေ့ခဲ့ရသော ပြဿနာ၊ ဒုက္ခ ပေါင်းစုံကို ၂၀၀၇ ခုနှစ် နှင့် အတူ ခဝါချပြီး အသစ်အသစ်သော ကောင်းမှုကုသိုလ်များ ၂၀၀၈ နှစ်သစ်တွင် ပြုလုပ်နိုင်ကြပါစေကြောင်းထပ်လောင်း၍ ဆန္ဒပြုအပ်ပါသည်။

တော်လှန်ရေး ရဲဘော်ရဲဖက်များအနေဖြင့် အမျိုးသားတော်လှန်ရေးတိုက်ပွဲ၌ ယခုကဲ့သို့ ကာယ၊ ဉာဏ၊ ဓန ဥစ္စာ အားဖြင့် တတပ်တအား ပါဝင်မှုအပေါ် အထူးဂုဏ်ယူလေးစားပြီး ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။ ဆက်ဆက်ပြီး တိုက်ပွဲဝင်ကြရန်ကိုလည်း အထူးဖိတ်ခေါ်အပ်ပါသည်။

ယနေ့ တော်လှန်ရေးကြီးကို ဆုံးခန်းတိုင် အောင်မြင်သည်အထိ မဆင်နွှဲပါက လာလတ္တံ့သော ချင်းအမျိုး သားများ၏ အနာဂါတ်သည် အင်မတန်ရင်လေးဘွယ်ရာပင်ဖြစ်သည်။ ဤတော်လှန်ရေးကြီးသည် ဆန္ဒကြောင့်ပေါ် ပေါက်လာခြင်း မဟုတ်ဘဲ အမျိုးသားနိုင်ငံရေး လိုအပ်ချက်နှင့် အမျိုးသားသမိုင်း၏ တောင်းဆိုချက်ကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်ပေရကား ရဲဘော်တို့အပေါ်တွင် လုံးဝတာဝန်ရှိသည်ကို အမြဲမပြတ်သတိချပ်စေလိုပါသည်။

မိမိတို့ချင်းအမျိုးသားတပ်ဦးသည် ကိုယ့်အမျိုးသား ကံကြမ္မာမိမိတို့ဖန်တီးခွင့်ပြန်လည်ရရှိရေး၊ ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးနှင့်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်များဖြင့် တည်ထောင်ကာ လက်နက် ကိုင်တော်လှန်ရေးကို စတင်ဆင်နွှဲရခြင်းဖြစ်ပါသည်။ ဤတွင် ချင်းအမျိုးသားများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပြန်လည် ရရှိရေးသည် ချင်းအမျိုးသားများ ဖိုးဖွားစဉ်ဆက် လွပ်လပ်စွာရရှိကျင့်သုံးလာသည့် အခွင့်အရေးဖြစ်ခြင်း၊ ချင်းအမျိုး သား ၅၀၀၀ ကျော်က ဖလမ်းညီလာခံတွင် ၁၉၄၈ ခုနှစ်၌လက်ခံ အတည်ပြုခဲ့သည့် ဒီမိုကရေစီစနစ်ရှင်သန် ထွန်းကား ရေး နိုင်ငံရေးနည်း စနစ်ဖြစ်ခြင်း၊ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးသည် ပင်လုံစာချုပ်၏ အနှစ်သာ ရဖြစ်နေ ခြင်းနှင့် တောင်တန်းဒေသ စုံစမ်းစစ်ဆေးရေး ကော်မရှင်ရှေ့တွင် ချင်းအမျိုးသားများနှင့် အခြား ပြည်ထောင်စု တိုင်း ရင်းသားအများစုက သဘောတူထားချက်များဖြစ်နေခြင်းတို့ကြောင့် ယနေ့နှင့် နောင်အနာဂတ်အထိ ချင်းအမျိုး သားများအတွက်သာမက ပြည်ထောင်စုတိုင်း ရင်းသားလူမျိုး အများစု၏ ဆန္ဒ သဘောထားကိုအခြေခံသည့် မရှိမ ဖြစ်လိုအပ်သော နိုင်ငံရေးရည်မှန်းချက်များ ဖြစ်ပေသည်။

ဤအမျိုးသားနိုင်ငံရေး ရည်မှန်းချက်များ အောင်မြင်ရန်အတွက် ဘယ်တိုင်းတပါး လူမျိုးခြားကမျှ အသေခံ ပြီး ရှေ့တန်းထွက် တိုက်ပွဲဝင်ပေးမည်မဟုတ်ပဲ ချင်းပြည်သူထဲက ပေါက်ဖွားလာသည့် မိမိတို့ ချင်းအမျိုးသားတပ်ဦး ပါတီဝင် တော်လှန်ရေးရဲဘော်ရဲဖက်များက တော်လှန်တိုက်ပွဲဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

အမျိုးသားရေး အသိစိတ်ဖြင့် ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေစဉ်၌ပင် ရန်သူ နအဖကို လည်း မျက်ခြေမပြတ် အကဲခတ်တတ်ပြီး အတိတ်ကလုပ်ငန်းစဉ်များ၏ လစ်ဟာချက်များအပေါ် ဖြည့်စွက်ဆောင် ရွက်ကြရန် နှင့် အတိတ်ကာလက ဆုံးရှုံးနစ်နာမှုများကို သင်ခန်းစာယူပြီး အားသစ်အင်သစ်မွေးလျက် ရှေ့ဆက် တိုက်ပွဲဝင်

ကြရန်အထူးတိုက်တွန်းလိုပါသည်။ အကြံဉာဏ်ပေးခြင်းသော်လည်းကောင်း၊ ညှိနှိုင်းတိုင်ပင်ခြင်းကိုလည်း ကောင်း မိမိအနေဖြင့် ထပ်လောင်း၍ အထူး တောင်းဆိုလိုပါသည်။

ချင်းအမျိုးသားတော်လှန်ရေးကြီးသည် ချင်းအမျိုးသားတစ်ရပ်လုံးသွေးစည်းညီညွတ်ရေးဖြင့်သာ အောင်မြင်နိုင်မည် ဟုလေးလေးနက်နက် ယုံကြည်ပါသည်။ ရန်သူ နအဖသည် မျိုးနွယ်စု တခုနှင့် တခု၊ ချင်းပြည်သူ အချင်းချင်း အကြားနှင့် တော်လှန်ရေးသမားများအကြားတွင် **ချင်းအမျိုးသား သွေးခွဲရေး နည်းဗျူဟာ** ကို အသုံးချပြီး ၄င်းတို့ အာဏာဆက်လက်တည်မြဲရေးကို နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် လုပ်ဆောင်နေသည်ကို ရဲဘော် ရဲဖက် များအနေဖြင့် အထူးသတိချပ်ပြီး ပြည်သူလူထုအား အသိပေးစည်းရုံးထားရန် လိုအပ်ပါသည်။

ယနေ့ ချင်းအမျိုးသားတော်လှန်ရေးကို ဆင်နွှဲရာတွင် အခက်အခဲမျိုးစုံကိုရင်ဆိုင်ကြရမည်ဖြစ်ပြီး မိမိအသက်၊ အိုးအိမ်စည်းစိမ်နှင့် မိမိဘဝတက်လမ်းကိုပင် စွန့်လွှတ်တန် စွန့်လွှတ်ရမည်ဖြစ်သော်လည်း ဤပေးဆပ်မှု သည် သမိုင်းတွင် ဥဒါန်းတွင်ကျန်ရစ်မည်ဖြစ်သည်။

ထို့ကြောင့် ဤ သမိုင်းဝင် ချင်းအမျိုးသားတော်လှန်ရေးကြီးတွင် ရောက်ရာအရပ်၊ ကျရာကဏ္ဍ အသီးသီးမှ တပ်ဦး၏ အမျိုးသားရေးခံယူချက်များကို လက်ကိုင်ပြုပြီး ရည်မှန်းချက်ပန်းတိုင်ရောက်သည့် အထိ လက်တွဲချီတက်ကြပါစို့လို့ ဤ ၂၀၀၈ နှစ်သစ်တွင် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပူး ထန်ယဲန်း

အထွေထွေ အတွင်းရေးမှူး

ချင်အမျိုးသားတပ်ဦး

Chin National Front – Office of the General Secretary